
ကျတ်ကုန်းရွာသူ တစ္ဆေနှင့်
လူသားချစ်သူ
လျှပ်ပန်းအိမ်
(လာရှိုး)

( ၁ )

"အမလေး ... လုပ်ကြပါဦး ... နာလှချည်ရဲ့ ... အမေရေ သေရတော့မယ် ထင်ပါတယ်တော့ ... အမလေး"

"မိန္တယ် ... အားနည်းနည်း ထည့်ညှစ်လိုက်ပါ ... ကလေးရဲ့ ခေါင်းကိုမြင်နေရပြီ ... ညှစ် ညှစ်"

"အား .... အီး ...."

မိန္တယ်တစ်ယောက် မိမိ၏ လောကထဲသို့ ပထမဦးဆုံးရောက်လာမည့် ကလေးများအတွက် သေမင်းနှင့် လွန်ဆွဲနေရသည့်အလား ကြီးစွာသော ပင်ပန်းဆင်းရဲကို ခံစားနေရလေသည်။ ရွာထဲက ကိုယ်ဝန်သည်တိုင်းကို ချောချောရှုရှု မွေးပေးလာခဲ့သည့် ဝမ်းဆွဲသည် လက်သည် ဒေါ်သောင်းရင်လည်း မိန္တယ်နှင့်ကျ မှ ချွေးဒီးဒီးကျနေတော့သည်။ မိန္တယ်မှာလည်း ညှစ်လိုက် အားကုန်သွားလိုက်နှင့် တစ်ချက်တစ်ချက် မျက်ဖြူပင်လှန်ကာ သတိလွတ်ချင်သလို။ ဒေါ်သောင်းရင် ကြိုးစားပန်းစား ကူညီနေရှာသော်လည်း ကလေးမှာ ထွက်မလာသေး။

မိန္တယ်၏ခင်ပွန်းဖြစ်သူ သိန်းအောင်ကတော့ လိုက်ကာချထားသည့် အခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အင်္ဂုလိမာလသုတ်ကို မှန်လား မှားလားမသိ ရွတ်နေရှာလေသည်။ ခြေဖျားလက်ဖျားများကလည်း အေးစက်နေကာ ညာဘက်လက်ကို ဘယ်ဘက်ဖြင့်ဆုပ် ဘယ်ဘက်လက်ကို ညာလက်ဖြင့် ဆုပ်ခြေရင်း စိုးရိမ် စိတ်လှုပ်ရှားလို့နေ၏။

"ဘုရား ... ဘုရား ... ဒီကလေးလေး လူ့လောကကို အမြန်ရောက်လာပါစေ ... မိနွယ်လည်း ကျန်းမာပါစေ"

စိတ်ထဲကလည်း ထိုသို့ရေရွတ်နေ၏။ အခန်းထဲဆီမှ ဇနီးဖြစ်သူ မိနွယ်၏ အော်ဟစ် ညည်းညူသံများကလည်း သူ့ကို နာကျင်စေသည်။ ဖခင်တစ်ယောက် ဖြစ်ဖို့အရေးမှာ လွယ်ကူသည်တော့မဟုတ်။ ထိုနည်းအတူ မိခင်တစ်ယောက်ဖြစ်ဖို့ရာမှာလည်း မိမိ၏ ရင်သွေးလေးများ အသက်ရှင်စေရန် မိမိအသက်ကို ရင်းထားရသေးသည်။ သင်္ချိုင်းမြေကို ကျောခင်း ထားရသည့် အလား ထိုမီးဖွားချိန်ကား အချို့သော မိခင်လောင်းများအတွက် ဆိုးဝါးလှပေသည်။ ထို့ကြောင့် မွေးသမိခင်များ သက်ရှိထင်ရှားရှိနေစဉ်တွင် ရှိသေလေးစား ဂရုစိုက် ချစ်ခင်သင့်ပါကြောင်း။

အချိန်အတန်ကြာသည့်တိုင် မိနွယ်မှာ မီးမဖွားနိုင်သေးချေ။ လက်သည်ကြီး ဒေါ်သောင်းရင်လည်း ထို့ထက်ဆိုးလာပါက ကလေးရော မိခင်အတွက်ပါ အန္တရာယ်ရှိလာနိုင်သည်ကို ရိပ်စားမိသည်မို့ အခန်းထဲမှ ထွက်လာကာ

"သိန်းအောင် .... မင်းမိန်းမက မွေးရဖွားရ ခက်နေတယ်"

"ဗျာ ... ကျုပ်ကို ကူညီပါ အရီးသောင်းရယ် ... ကျုပ်ဘာလုပ်ပေးရမလဲ"

သိန်းအောင်လည်း မိနွယ် မွေးရခက်နေသည်ကို ကြားရတော့ ပျာယာခတ်နေချေပြီ။

"အေး ... ငါတစ်နေ့က ... တောင်သာရွာဘက်မှာ မြို့က သူနာပြုဆရာမတွေ ရောက်နေတယ် ကြားတယ် ... သွားပင့်တာ ပိုအဆင်ပြေမယ် ထင်တယ် ... သူတို့က ခေတ်မီဆေးဝါး ကိရိယာတွေရှိတယ်"

"တောင်သာရွာက ... အသွားအပြန်ကို နှစ်နာရီလောက် ကြာမှာဗျ"

"ငါ ကြည့်စီစဉ်ထားမယ် ... မင်းသာ ဆရာမတွေ အမြန်သွားပင့်ချေ"

အချိန်ကား ညရှစ်နာရီပင် ခွဲလုတော့မည်။ သိန်းအောင်တို့ ထန်းနှစ်ပင်ရွာမှ တောင်သာ ရွာအထိ တစ်နာရီ နီးပါးကြာအောင် သွားရသည်။ အသွားအပြန် ဆိုပါက နှစ်နာရီခန့် ကြာပေလိမ့်မည်။ သို့သော်လည်း ယခုက မဖြစ်တော့သည့် အခြေအနေမို့ သိန်းအောင်လည်း အိမ်အောက်ဆင်းကင်း၏လှည်းကိုပြင်လေတော့၏။

ထိုစဉ် သိန်းအောင် ခြံထဲသို့ လူတစ်ယောက်ဝင်လာ၏။ သိန်းအောင်၏ သူငယ်ချင်း မြတ်သာ ဆိုသော ကာလသားတစ်ယောက်ပင်။

"သိန်းအောင် ... ညကြီး လှည်းတွေဘာတွေ ပြင်ပြီး ဘယ်သွားမလို့တုန်း"

"ငါ့မိန်းမ မိန္တယ် ... မီးဖွားရခက်နေလို့ ... တောင်သာရွာက သူနာပြုဆရာမတွေ သွားပင့်မလို့"

"ဟာ ... ဒါဆို ငါလည်း လိုက်ခဲ့မယ်ကွာ"

"မင်းလိုက်လို့ဖြစ်ပါ့မလား ... အချိန်လည်းလင့်နေပြီ ..... နောက်ပြီး ကြီးခင် မင်းကို စိတ်ပူနေရင် ငါပါ မကောင်းရှိလိမ့်မယ် ... မလိုက်ပါနဲ့ကွာ"

သိန်းအောင် တားသော်လည်း မြတ်သာမှာတော့ ရယ်ကျဲကျဲ အမူအရာဖြင့်

"စိတ်မပူစမ်းပါနဲ့ ... သိန်းအောင်ရာ ... ငါလည်း မင်းမိန်းမ မီးဖွားတော့မယ်လို့ ... သတင်းကြားကြားခြင်း ပြေးလာတာပဲ .... နောက်ပြီး အမေကမှာလိုက်တယ် လိုတာ အကုန် ကူညီပေးပြီးမှ ပြန်ခဲ့တဲ့ ... အဲဒီတော့ မင်းဘာမှစိတ်ပူစရာမလိုဘူး ... တောင်သာရွာကို ငါပါလိုက်ခဲ့မယ် သိန်းအောင်"

သိန်းအောင်လည်း တားမရသည်ကတစ်ကြောင်း ညကြီးမင်းကြီး မိမိလည်း အဖော်လိုသည်က တစ်ကြောင်းမို့

"အေးကွာ .... လိုက်ချင်သပ ဆိုလည်း လိုက်ခဲ့ကွာ"

ဟူ၍သာ ပြောလိုက်တော့သည်။

"တစ်ယောက် အကူအညီလိုချိန် တစ်ယောက်ကူညီရတာ မိတ်ဆွေကောင်းတွေရဲ့ ကျင့်ထုံးပဲ ကဲနောက်ကျ နေပြီလေ သွားရအောင်"

"အေ ... လှည်းပေါ်တက်"

မြတ်သာလည်း လှည်းပေါ်ကို စွေ့ကနဲ ခုန်တက်လိုက်တော့ သိန်းအောင်က နွားနှစ်ကောင်ကို ကြိမ်တို့ကာ ၎င်းတို့ ခြံဝင်းထဲမှ ခပ်သော့သော့ ထွက်ခဲ့လိုက်တော့သည်။ တောင်သာရွာက သားဖွား ဆရာမတွေကိုပင့်ဖို့ကား အရေးကြီးနေသည် မဟုတ်ပါလား။

***